**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

**အားကစားနှင့်ကာယပညာဦးစီးဌာန**

**လျှောက်လွှာခေါ်ယူခြင်း**

**နေပြည်တော်**

**၂၀၂၂ ခုနှစ်၊ ဇွန်လ ရက်**

**(၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ရက်နေ့)**

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူးအမျိုးအစား | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ပစ္စည်းထိန်း(၂) | (၈)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DA အောင်မြင်ရမည်။ |
| (ခ) | စာရင်းကိုင်(၂) | (၁၆)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DA အောင်မြင်ရမည်။ |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂) | (၃)နေရာ | B.E (Civil / Electronics / Electrical Power) |
| (ဃ) | ဒု-ကြီးကြပ်ရေးမှူး (ထိန်းသိမ်းရေး) | (၁၀)နေရာ | B.E (Civil / Electronics / Electrical Power) |
| (င) | ဒု-ကြီးကြပ်ရေးမှူး (ကွင်း/ရုံ) | (၇)နေရာ | B.E (Civil / Electronics / Electrical Power) |

၂။ (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် ရေးထိုးရမည်။

၃။ စာမေးပွဲဝင်ကြေးငွေကျပ်(၁၀၀၀) (ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ် (MD 010442)သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပါရှိရမည် -

(က) အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ

( ခ ) ဘွဲ့လက်မှတ်မိတ္တူ

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

( င ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံး အမည်

( စ ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင် လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန/အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

(ဆ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နှုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ

( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း

( ဈ ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာ မရရှိသေးသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ (၆)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။

(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်

( ဋ ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း

( ဌ ) ပြည့်စုံစွာ ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၅။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသူများသည် (၃၀.၆.၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့် တာဝန်ထမ်းဆောင်နေသူများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူ(၁)စောင်ကို ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်သို့ လိပ်မူ၍ (၃၀.၆.၂၀၂၂)ရက်နေ့ မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၇။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန Website ဖြစ်သော www.mosya.gov.mm နှင့် အားကစားနှင့်လူငယ်ရေးရာ Sports & Youth Affairs, Myanmar Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၂၀၃၊ ၀၆၇-၄၀၆၀၂၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန